# ပြည်သူ့လွှတ်တော်ရုံး
# သုတေသနဌာန

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

e-Government ဖော်ဆောင်မှုတွင် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၏ အရေးပါမှု

**အကျဉ်းချုပ်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) သည် အလွန်အရေးကြီးပါသည်။ အီလက်ထရောနစ်အုပ်ချုပ်မှု ( e-Government) စနစ်ကို အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် အရှိန်အဟုန်မြင့်လာမည် ဖြစ်ပါသည်။ e-Government အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် အစိုးရ၏ လုပ်ငန်း လုပ်ဆောင်မှုများလွယ်ကူလျင်မြန်လာစေရန်၊ လုပ်ငန်းများ ပိုမိုတွင်ကျယ်လာစေရန်၊ ဝန်ဆောင်မှုများ ပိုမိုတိုးတက် ကောင်းမွန်လာစေရန်၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ် ခြင်းဖြစ်ပါသည်။ ထို့ပြင် e-Government စနစ် အောင်မြင်စေရန်အတွက် နိုင်ငံ့ဝန်ထမ်း လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍသည် လွန်စွာအရေးကြီးပါသည်။

ဤစာတမ်းတိုတွင် e-Government ၏ အဓိပ္ပာယ်၊ နိုင်ငံ့ဝန်ထမ်းများ မဖြစ်မနေတတ် ကျွမ်းထားသင့်သည့် IT နည်းပညာနှင့် Skills များ၊ IT လူ့စွမ်းအားအရင်းအမြစ်နှင့် ပြန်လည် အသုံးချမှုအခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းများ IT Skills ရရှိရန် လုပ်ဆောင်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အစိုးရ၏ဆောင် ရွက်ချက်များ၊ အစိုးရဌာနများတွင် e-Government ဌာနများ ဖွဲ့စည်းခြင်းနှင့် အကြံပြုချက်များ အား သိရှိနိုင်ပါရန် ရည်ရွယ်၍ ရေးသားထားခြင်းဖြစ်ပါသည်။

**စာတမ်းတိုအမှတ်စဉ် (၁၅၈)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်ဖော်ပြမှု နည်းနာနိဿယများ | ၃ |
| ၄။ | e-Government ၏ အဓိပ္ပာယ် | ၄ |
| ၅။ | နောက်ခံအကြောင်းအရာ | ၄ |
| ၆။ | နိုင်ငံ့ဝန်ထမ်းများ မဖြစ်မနေတတ်ကျွမ်းထားသင့်သည့် IT နည်းပညာနှင့် Skills များ | ၅ |
| ၇။ | e-Government စနစ် အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု | ၆ |
| ၈။ | IT Skills များ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်သော D.C.Sc Course သင်တန်းများ | ၆ |
| ၉။ | IT လူ့စွမ်းအားအရင်းအမြစ်နှင့် ပြန်လည်အသုံးချမှုအခြေအနေ | ၇ |
| ၁၀။ | မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှု | ၇ |
| ၁၁။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၈ |
| ၁၂။ | အစိုးရဌာနများတွင် e-Government ဌာနဖွဲ့စည်းခြင်း | ၁၀ |
| ၁၃။ | နိုင်ငံ့ဝန်ထမ်းများ IT Skill ရရှိရန် လုပ်ဆောင်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ | ၁၁ |
| ၁၄။ | အကြံပြုချက်များ | ၁၂ |
| ၁၅။ | နိဂုံး | ၁၄ |

## နိဒါန်း

၁။ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ e-Government လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံတွင် အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်လာကြပါသည်။ e-Government လုပ်ငန်းစဉ်များကို ဌာနများအလိုက် သီးခြားစီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အဆင့်မှ အမျိုးသားအဆင့်သို့ မြှင့်တင်နိုင်ရေးတွင် အစိုးရဌာနများအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ အစိုးရ၏ ဝန်ဆောင်မှုများကို နိုင်ငံသားအားလုံး အချိန်နှင့်ငွေသက်သာ၍ လွယ်ကူစွာ ရယူအသုံးပြုနိုင် ကြမည်ဖြစ်ပါသည်။[1] e-Government စနစ်ဖော်ဆောင်ရာတွင် အဓိက တာဝန်ယူဆောင်ရွက်ရသော နိုင်ငံ့ဝန်ထမ်းများ၏ ICT ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုရေးသားရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) e-Government ဖော်ဆောင်မှုတွင် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည်ကို သိရှိနိုင်စေရန်၊

(ခ) နိုင်ငံ့ဝန်ထမ်းများ IT Skills များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မဖြစ်မနေ တတ်ကျွမ်းထားသင့်သည့် IT နည်းပညာများကို သိရှိနိုင်စေရန်၊

(ဂ) မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား သိရှိနိုင်စေရန် ရည်ရွယ်၍ ရေးသားရခြင်းဖြစ်ပါသည်။

## အချက်အလက်ဖော်ပြမှု နည်းနာနိသယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော သတင်းအချက်အလက်များသည် Future Plan for e-Government HRD (e-Government လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်အစီအစဉ်များ) ခေါင်းစဉ်ဖြင့် Chief Information Officer (CIO) **များ** ၊ Chief

---

[1] e-Government စစ်တမ်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း https://www.motc.gov.mm/my/news/e-government မှ ကောက်နုတ်ထားပါသည်။ {Accessed Date 15-11-2020}

Technology Officer (CTO) Online Conference မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၏ ဆွေးနွေးပြောကြားချက်များ၊ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အစည်းအဝေးတွင် ပြောကြားချက်များ၊ e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်က ကြီးမှူး ကျင်းပသည့် e-Government Forum 2018 ဖွင့်ပွဲမှ ပြောကြားချက်များမှ ရယူထားခြင်းဖြစ်ပါသည်။

## e-Government ၏ အဓိပ္ပာယ်

၄။ e-Government ဆိုသည်မှာ အစိုးရအဖွဲ့အစည်းအချင်းချင်းအကြား၊ အစိုးရနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား၊ အစိုးရနှင့်ပြည်သူလူထုအကြားတွင် အပြန်အလှန်ဆက်သွယ်ခြင်း၊ သတင်း အချက်အလက်များပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းစသည့် လုပ်ငန်းများကို သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ (ICT) နည်းပညာကိုအသုံးပြုပြီး လုပ်ငန်းများ လျင်မြန်မှန်ကန်၍ စရိတ်သက်သာစွာဖြင့် အစိုးရ၏ သတင်းအချက်အလက်များအပေါ် စီမံခန့်ခွဲ သည့် စနစ်ကို ခေါ်ဆိုခြင်းဖြစ် ပါသည်။[2]

## နောက်ခံအကြောင်းအရာ

၅။ မြန်မာနိုင်ငံတွင် e-Government လုပ်ငန်းစဉ်များကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး အကောင် အထည်ဖော်ဆောင်ရွက်နေသော်လည်း အကြောင်းအမျိုးမျိုး၊ လိုအပ်ချက်အမျိုးမျိုးကြောင့် အရွှေ့ နှေးနေရပါသည်။[3] ထို့ကြောင့် e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက် နေ့တွင် “e-Government ဦးဆောင် ကော်မတီ” ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ် ဦးဆောင်ပြီး အဖွဲ့ဝင် (၄၆) ဦးဖြင့် လည်းကောင်း၊ “e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ”ကို လုပ်ငန်းတာဝန်(၅) ရပ်ချမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

---

[2] e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဦးမြင့်ဆွေ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူးကျင်းပသည့် e-Government Forum 2018 ဖွင့်ပွဲသို့တက်ရောက်အမှာစကားပြောကြား https://www.president-office.gov.mm/?q=briefing-room/news/2018/10/06/id-14520

[3] https://www.motc.gov.mm/my/news နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် e-Government ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား မှ ကောက်နုတ်ထားပါသည်။ {Accessed Date 15-11-2020}

မှ ဦးဆောင်၍ (၄၅) ဦး ဖြင့်လည်းကောင်းဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ယခုဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကာလတွင် ကျန်းမာရေးဆိုင်ရာ အကာအကွယ်နှင့် ကန့်သတ်ချက်အခြေအနေများကြောင့် IT နည်းပညာသည် နိုင်ငံ့ဝန်ထမ်းများတွင် သာမက ပြည်သူများအားလုံး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးသည် မရှိမဖြစ်လိုအပ်သည့် အသိပညာတစ်ခုဖြစ်လာပါသည်။

**နိုင်ငံ့ဝန်ထမ်းများ မဖြစ်မနေတတ်ကျွမ်းထားသင့်သည့် IT နည်းပညာနှင့် Skills များ**

၆။ e-Government စနစ်အောင်မြင်ရန် နိုင်ငံ့ဝန်ထမ်းများအားလုံးသည် IT နည်းပညာကို အခြေခံအဆင့်မှ အဆင့်မြင့်ဆုံးအဆင့်ထိ နားလည်တတ်မြောက်ကျွမ်းကျင်ရန်လိုအပ်ပါသည်။ ၎င်း ကျွမ်းကျင်မှုများကို ITU (International Telecommunication Union) ၏ ၂၀၁၈ ခုနှစ် က မိတ်ဆက်ပေးခဲ့သည့် Idea Indicator (၁၄) ခု ရှိခဲ့ပါသည်။ ယင်းတွင် နိုင်ငံ့ဝန်ထမ်းများ မဖြစ်မနေ အသုံးပြုရမည့် IT Skills (၉) ချက်ရှိပါသည်။ ၎င်းတို့မှာ -

(က) Phrasal, Folder များကို Copy ပြုလုပ်တတ်ရန်နှင့် Move လုပ်တတ်ရန်၊

(ခ) Document တစ်ခုအတွင်းတွင် ပါဝင်သည့် Data များကို Copy, Paste လုပ်တတ်ရန်၊

(ဂ) e-mail များကို Attachment အသုံးပြုပြီး ပို့တတ်ရန်၊

(ဃ) Strict Sheet များတွင် Arethematic Formula များအသုံးပြုပြီး ဂဏန်းသင်္ချာများ ကို အခြေခံအဆင့်အထိ တွက်ချက်တတ်ရန်၊

(င) Device များကို installation ပြုလုပ်တတ်ရန်နှင့် Connecting ပြုလုပ်တတ်ရန်၊

(စ) Presentation Software များကိုအသုံးပြီး Presenting ပြုလုပ်တတ်ရန်၊

(ဆ) Software တစ်ခုကို Download ၊ Install ၊ Confiner ပြုလုပ်တတ်ရန်၊

(ဇ) Computer Device တစ်ခုနှင့်တစ်ခုရှိ File များကို Sharing လုပ်တတ်ရန်၊

(ဈ) Programme Language တစ်ခု၏ အခြေခံအချက်များ ရေးတတ်ရန် စသည့် အချက်များသည် Basic IT Skills များဖြစ်ပါသည်။

**e-Government စနစ် အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု**

၇။ နိုင်ငံ့ဝန်ထမ်းများ IT Skill ကျွမ်းကျင်စေရန် ဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာရုံးများအလိုက် IT သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်တွင်လည်း IT Learning Management System ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ Contact Creation များပြုလုပ်၍ သက်ဆိုင်ရာမြို့နယ်/ တိုင်းဒေသကြီးများရှိ ဝန်ထမ်းများကို Online မှ တစ်ဆင့် သင်ကြားပေးလျက်ရှိပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်း (၃၉) ခုမှ သင်တန်းသားများကို လစဉ်ပုံမှန် သင်တန်းပေးလျက်ရှိပြီး အငယ်တန်းစာရေးအဆင့်မှ ညွှန်ကြားရေးမှူး အဆင့်အထိ တက်ရောက် လျက်ရှိပါသည်။ သင်တန်းပြီးလျှင် ၎င်းတို့တတ်မြောက်မှုအခြေအနေကို Learning Management System စနစ်ဖြင့် Assessment ပြုလုပ်ပေးလျက်ရှိပါသည်။

**IT Skills များ ဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်သော D.C.Sc Course သင်တန်းများ**

၈။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)၊ ပခုက္ကူ ထားဝယ်၊ မိတ္ထီလာ၊ လွိုင်ကော်၊ စစ်တွေတက္ကသိုလ်များတွင် Diploma in Computer Science (D.C.Sc) သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ထိုကဲ့သို့ ဖွင့်လှစ်ရာတွင် နိုင်ငံ့ဝန်ထမ်းများအတွက် IT Skill တိုးတက်လာစေရန် ရည်ရွယ်၍ အချိန်ပိုင်းသင်တန်းများအဖြစ် ဖွင့်လှစ်ပေးခြင်းဖြစ်ပါသည်။ D.C.Sc သင်တန်းများ တက်ရောက်ပြီးစီးသွားသော ထူးချွန်သည့် သင်တန်းသားများကို ဆက်လက်၍ ပညာသင်ကြားခွင့်အနေဖြင့် မဟာသုတသိပ္ပံဘွဲ့ (M.I.Sc) ဘွဲ့ အထိသင်ကြားခွင့်ပေးပါသည်။ တက္ကသိုလ်များတွင်လည်း မဟာသုတသိပ္ပံဘွဲ့သင်တန်းများ တက်ရောက်နေသည့် သင်တန်းသားများနှင့် Thesis လုပ်နေသည့် သင်တန်းသားများလည်းရှိပါသည်။ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် Master ပြီးသွားသည့် နိုင်ငံ့ ဝန်ထမ်းများကို PhD ဘွဲ့နှင့် Research Base ပါရဂူဘွဲ့သင်တန်းအထိ တက်ရောက်နိုင်ခွင့်ကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

## IT လူ့စွမ်းအားအရင်းအမြစ်နှင့် ပြန်လည်အသုံးချမှုအခြေအနေ

၉။ e-Government Working Committee ၏ ဦးဆောင်မှုဖြင့် ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် e-Government Readiness Assessment Survey တစ်ခု၏ Result တွင် ICT ဘွဲ့ရသည့် နိုင်ငံ့ဝန်ထမ်းဦးရေ ၁၉၀၀ ကျော်ရှိကြောင်းသိရှိရပါသည်။ ယခု (၄) နှစ်တာ ကာလအတွင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး သင်တန်းကျောင်းအနေဖြင့် IT သင်တန်းတက်ရောက်ပြီးသူဝန်ထမ်း ၃၀၀၀ ကျော်ရှိပါသည်။ IT ဘွဲ့ရများ၏ အလုပ်တာဝန်ထမ်းဆောင်နေသည့် အနေအထားကို Survey လုပ်ကြည့်ရာတွင် ဘွဲ့ရအများစုသည် အစိုးရဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်သည့် အရေအတွက်ထက် ပြည်တွင်း၊ ပြည်ပ IT Industry Company များတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေသည့် အရေအတွက်က ပိုမိုများပြား နေသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် အစိုးရဝန်ကြီးဌာနများ၏ e-Government လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် IT သင်တန်းဆင်း အရေအတွက် ပမာဏများစွာဖြင့် ပါဝင်ဆောင်ရွက်လာနိုင်ပါက အနာဂတ် e-Government အတွက် ပိုမိုအဆင်ပြေလာမည် ဖြစ်ပါသည်။

၁၀။ မြန်မာနိုင်ငံတွင် ကွန်ပျူတာတက္ကသိုလ်များမှ နှစ် (၂၀) ကာလအတွင်း ဘွဲ့ရများစွာမွေးထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အများစုသည် အစိုးရဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့်သူများ ရှိသကဲ့သို့ ပြင်ပပုဂ္ဂလိက လုပ်ငန်းများတွင်တာဝန် ထမ်းဆောင်နေကြသူများလည်း ရှိပါသည်။ ထို့ပြင် တက္ကသိုလ်များတွင် ပြန်လည်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိပါသည်။ အစိုးရ ဝန်ကြီးဌာနများတွင်ကွန်ပျူတာဘွဲ့ရ ဝန်ထမ်းများအနေဖြင့် ၎င်းတို့ဘွဲ့ပညာရပ်နှင့် တိုက်ရိုက်ကိုက်ညီမှုရှိစွာ တာဝန်ထမ်းဆောင်သူများရှိသကဲ့သို့ မိမိတို့ဘွဲ့နှင့်မကိုက်ညီဘဲ လုပ်ဆောင်နေရသူများလည်း ရှိကြောင်းသိရှိရပါသည်။

## မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှု

၁၁။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကွန်ပျူတာပညာရှင်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်၍ IT နည်းပညာကို အခြေခံမှစပြီး သင်ကြားပေးလျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံ ကွန်ပျူတာ

ပညာရှင်အသင်းချုပ်က ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင်ရှိသည့် ဝန်ထမ်းများကိုလည်း IT Skills များ ရရှိလာရန်နှင့် IT မတတ်သည့် ဝန်ထမ်းများမရှိစေရန် Basic Skills မှ စပြီး သင်ကြားပေးလျက်ရှိပါသည်။ ထို့ပြင် စက်ပစ္စည်းနှင့် ပတ်သက်ပြီး IT ပိုင်းဆိုင်ရာကျွမ်းကျင်သည့် ဝန်ထမ်းမရှိပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင် အသင်းချုပ်နှင့် ကွန်ပျူတာပညာရှင်များအသင်းက ကူညီပေးလျက်ရှိပါသည်။

၁၂။ အလားတူပင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာ တက္ကသိုလ် (တောင်ကြီး) တို့ပူးပေါင်းပြီး e-Government အထောက်အကူပြု အခြေခံသင်တန်း များကို ရှမ်းပြည်နယ်ရှိ တရားရေးဝန်ထမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ လူဝင်မှုကြီးကြပ်ရေးမှူးများကို ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါ သည်။ ယခုလက်ရှိ COVID-19 ကာလတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိများ၊ လက်ထောက်ညွှန်ကြားရေးမှူးများကို ကွန်ပျူတာအခြေခံသင်တန်းများ သင်ကြားပို့ချပေးလျက်ရှိ ပါသည်။

**အစိုးရ၏ဆောင်ရွက်ချက်များ**

**၁၃။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာ ဆိုက်ဘာ လုံခြုံရေးဦးစီးဌာနတွင် ICT စွမ်းဆောင်ရည် မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများ စဉ်ဆက် မပြတ်မွေးထုတ်ပေးနိုင်ရန် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပါသည်။ ၂၀၁၆ ခုနှစ်မှ စတင်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ CIO/CTO များ အပါအဝင် နိုင်ငံ့ဝန်ထမ်း များကို ICT ၊ e-Government ၊ ဆိုက်ဘာလုံခြုံရေးစသည့် ဘာသာရပ်များကို ရက်တို သင်တန်း များအနေဖြင့် လစဉ်ပုံမှန် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ မေလမှစ၍ ယခု ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လအထိ သင်တန်းပေါင်း (၃၀) ခန့် ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီးဖြစ်ပါသည်။ သင်တန်းအကြိမ်အရေ အတွက်အားဖြင့် (၈၇) ကြိမ်ရှိ၍ သင်တန်းသားဦးရေ (၂၈၇၅) ဦးကို သင်ကြားပို့ချခဲ့ပြီး ဖြစ်ပါသည်။ ဌာနဆိုင်ရာဝန်ထမ်းများကို သင်တန်းများပေးဆောင်နေသည့် သင်တန်းအမျိုးအစားများမှာ (၆) မျိုးရှိပါသည်။ ၎င်းတို့မှာ -

(က) **Basic IT ။** အခြေခံကွန်ပျူတာပြုပြင်သည့် သင်တန်းများအောက်တွင် Microsoft Office Application ၊ Word ၊ Excel ၊ Power Point ဘာသာရပ်များ သင်ကြာပေးခြင်း၊

(ခ) **Net Working ။** Net Working အောက်တွင် Basic Networking ၊ wireless Net Working Level 1,2 သင်ကြားပေးခြင်း၊

(ဂ) **Programme ။** Programme ဘာသာရပ်အောက်တွင် HDMl များ Java Script ၊ virus security ဘာသာရပ်များ သင်ကြားပေးခြင်း၊

(ဃ) **Sever နှင့် Application ။** Sever နှင့် Application ဘာသာရပ်တွင် Linking Operating System ၊ Window Sever 2016 နှင့် အခြား Application Sever အကြောင်းအရာများကို သင်ကြားပေးခြင်း၊

(င) **Cyber Security ။** Cyber Security အနေဖြင့်လည်း Work Security ၊ Net Work Security ဘာသာရပ်များ သင်ကြားပေးခြင်း၊

(စ) **e-Government ။** e-Government ဘာသာရပ်တွင် Digital Signature စသည့် ဘာသာရပ်များ သင်ကြားပို့ချပေးနေပါသည်။

၁၄။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်ကြားပို့ချမှုတိုင်းတွင် e-Government နှင့် ဆိုက်ဘာလုံခြုံရေးအကြောင်းကို မိတ်ဆက်အနေဖြင့် အမြဲတမ်း ထည့်သွင်းသင်ကြားပေးနေပါသည်။ ယခု COVID-19 ကာလတွင် မြန်မာ-စင်ကာပူ ပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ် Project Planning & Management သင်တန်းကို Video Conferencing System စနစ်ဖြင့် စင်ကာပူမှ သင်ကြားပေးခဲ့ပါသည်။ Database ၊ Sever ၊ Administration ၊ Net Work Administration Course များကိုလည်း လက်ရှိ သင်ကြားပို့ချပေး နေပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ Social Distancing ပြုလုပ်ပြီး သင်တန်းတစ်ခုကို သင်တန်းသားဦးရေ ၂၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေး လျက်ရှိပါသည်။

**အစိုးရဌာနများတွင် e-Government ဌာနဖွဲ့စည်းခြင်း**

၁၅။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် နိုင်ငံတော်သမ္မတရုံးမှ အစိုးရဌာနများတွင် e-Government IT ဌာနများဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် ဇူလိုင်လတွင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ အစိုးရအဖွဲ့အစည်းများတွင် e-Government IT ဌာနများဖွဲ့ရန် အဆိုပြုမှုကြမ်းကိုပေးပို့ရန် သက်ဆိုင်ရာဌာနများသို့ တောင်းခံခဲ့ပါသည်။ e-Government IT ဌာနများဖွဲ့စည်းရန် ခွင့်ပြုသည့် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ညွှန်ကြားရေးမှူး အဆင့် အရာထမ်း (၁) ဦး အပါအဝင်

(ခ) အရာထမ်း (၇) ဦး၊

(ဂ) အမှုထမ်း (၁၀) ဦး၊ စုစုပေါင်း (၁၇) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်ခွင့်ပြုခဲ့ပါသည်။

နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ e-Government ဌာနဖွဲ့စည်းပုံမှာ-

(က) အမြင့်ဆုံး ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်း( ၁) ဦး အပါအဝင်

(ခ) အရာထမ်း (၃) ဦး၊

(ဂ) အမှုထမ်း (၆) ဦး၊ စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်ခွင့်ပြုခဲ့ပါသည်။

၁၆။ နိုင်ငံ့ဝန်ထမ်းများ IT Skills များ ရရှိရန် ဖွဲ့စည်းထားသည့် e-Government ဌာနများက ဦးဆောင်၍ ရေရှည်တွင် မည်သို့လုပ်ဆောင်သွားသင့်သည်၊ မည်သည့်အဖွဲ့အစည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်သည် စသည်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသည့် နည်းပညာ တက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပုဂ္ဂလိကများမှ ဖွင့်လှစ်ထားသည့် IT နည်းပညာကျောင်းများလည်း ရှိပါသည်။ မြန်မာကွန်ပျူတာပညာရှင်အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် MOU လက်မှတ်ထိုး၍ လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်ပြီး ပြည်ထောင်စုဝန်ကြီးဌာန အစိုးရအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအားလုံး တူညီသည့် ဘုံရည်မှန်းချက်ဖြင့် နည်းလမ်းပေါင်းစုံမှ လုပ်ဆောင်သွားနိုင်မည်ဆိုပါက ရေရှည်တွင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းများ IT Skill ရရှိရန် လုပ်ဆောင်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ**

၁၇။ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် IT Policy ချမှတ်ထားခြင်းမရှိခြင်းသည် အဓိကရင်ဆိုင်နေရသည့် အခက်အခဲတစ်ခုဖြစ်ပါသည်။ Policy ချမှတ်ပြီးပါက လိုအပ်ချက်များကိုပါ တစ်ပါတည်း ဆောင်ရွက်နိုင်ရန် Plan ရေးဆွဲထားရမည်ဖြစ်ပါသည်။ နှစ်စဉ် Plan ချမှတ်၍ အချိန်ကာလနှင့် လူ့စွမ်းအားအရင်းအမြစ် ၊ အသုံးပြုရမည့် ပစ္စည်းအမျိုးအစား၊ ဖြည့်ဆည်းပေးရမည့် Skill စသည့်အချက်များကို ကြိုတင်စဉ်းစားထားရန် လိုအပ်ပါသည်။ Internet of Things – IOT Skill အသုံးပြုနိုင်ရေးအတွက် IT ပညာရှင်များကို ထားရှိနိုင်ရန် လိုအပ်ပါသည်။ ထို့ပြင် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများအနေဖြင့် Training များ စဉ်ဆက်မပြတ်အောင် ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။ ICT ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းတက်ရောက်ပြီးသည့် ဝန်ထမ်းများသည် နယ်ပြောင်းရခြင်းနှင့် ရာထူးတိုး၍ ဌာနတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုများကြောင့် ပြန်လည်အသုံးချနိုင်မှု မရှိခြင်းများရှိနေပါသည်။ ထို့ကြောင့် Sustainable ဖြစ်ရန်နှင့် အနာဂတ်တွင် အောင်မြင်လာရန် Plan ရေးဆွဲ၍ ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

၁၈။ အဓိကအပိုင်းအနေဖြင့် Digital Transformation Process တွင် ရှေ့တန်းမှဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများ၏ IT Skills သည် အရေးပါသည့်ကဏ္ဍဖြစ်ပါသည်။ ပညာအရည်အချင်းကျောထောက်နောက်ခံအတွေ့အကြုံမတူသည့် နိုင်ငံ့ဝန်ထမ်းများကို တူညီသည့် ဘုံရည်မှန်းချက်ရရှိရန် ၎င်းတို့၏ Technical Skills များကို ပြုစုပျိုးထောင်ရန် အလွန်အရေးကြီးပါသည်။ နည်းပညာ ကျောင်းဆင်း၊ ကွန်ပျူတာကျောင်းဆင်းများကို နိုင်ငံ့ဝန်ထမ်းများတွင် တွေ့ရသော်လည်း စာတွေ့လက်တွေ့ မဆက်စပ်မိကြသောကြောင့် IT Knowledge Gap ဖြစ်နေခြင်းဖြစ်ပါသည်။ လိုအပ်ချက်နှင့်အညီ တစ်ဦးချင်းစီကို စာတွေ့လက်တွေ့ နားလည်ထားသင့်သည့် အကြောင်းအရာများဖြစ်သော ဥပမာ– Net Working ၊ Programme ၊ Database ၊ Cloud Computing စသည်များကို ထပ်မံဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။ IT Skills များဖွံ့ဖြိုးတိုးတက်လာရန် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ Capacity Development ကို စနစ်တကျ အချိန်ယူ၍ ရေတိုရေရှည် ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ e-Government အောင်မြင်ရန် တိုင်းတာ

နိုင်သည့် Indicator မှာ Online Service ပမာဏပင်ဖြစ်ပါသည်။ ထို့ကြောင့် အရေးကြီးဆုံး လိုအပ်သည်မှာ Management Level တွင် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ ရေးဆွဲလုပ်ဆောင်ရန် လိုအပ်သကဲ့သို့ Planning ပိုင်းတွင်လည်း နိုင်ငံ့ဝန်ထမ်း တစ်ဦးချင်းစီ၏ IT Skill ကို စနစ်တကျ ပျိုးထောင်ရန်လို အပ်ပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ အား ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ရန်၊ လက်တွေ့လုပ်ဆောင်နိုင်ရန် အခြေအနေ အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ရလဒ်ကိုစဉ်ဆက်မပြတ် အကဲဖြတ်လေ့လာ သုံးသပ်ရန် လိုအပ်ပါသည်။

၁၉။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ IT သင်တန်းတက်ရောက်သူများတွင် အနည်းဆုံးဘွဲ့ရနှင့် ဒေါက်တာဘွဲ့ရများဖြစ်ပြီး သင်တန်းသားများထံမှ Survey ကောက်ခံခြင်း အားဖြင့် Response အမျိုးမျိုးကို အလွှာစုံအသီးသီးမှ ရရှိနိုင်သောကြောင့် ဝန်ထမ်းများ၏ IT Skills ကွာဟမှု ကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ ရရှိသည့်ရလဒ်အပေါ်တွင် အနာဂတ်အတွက် မည်သို့လုပ်ဆောင် မည်ဆိုသည့် အစီအစဉ်များကို ယှဉ်တွဲပြီးဆောင်ရွက်ပါက နောင်လုပ်မည့် လုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြု နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တိကျ သေချာသည့် အဖြေတစ်ခုရရန် Survey ကောက်ခံပါက လိုအပ်ချက်နှင့် ကိုက်ညီသည့် IT Skills Gap များကိုဖော်ထုတ်နိုင် မည်ဖြစ်ပါသည်။[4]

## အကြံပြုချက်များ

၂၀။ ဌာနအသီးသီးတွင်ရှိသည့် အလယ် အလတ်နှင့် အဆင့်မြင့်အရာရှိများသည် CIO များ၏ Management Level နှင့် IT ကျွမ်းကျင်မှုရှိရန် လိုအပ်ပါသည်။ Management Level ဆိုသည်မှာ ၎င်းတို့တာဝန်ယူ ဆောင်ရွက်နေသည့် ဝန်ဆောင်မှုများ၊ ထုတ်လုပ်မှုများ၊ Digital Transformation Process ကို ပြောင်းလဲရန်နှင့် မည်သို့ပြောင်းလဲရမည်ဆိုသည်ကို သိရှိနိုင်ရန် ပြောင်းလဲခြင်း၏ ရလဒ်နှင့် မပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပြဿနာရပ်များကို နားလည်ရန် လိုအပ်ပါ သည်။ IT Skills ကို တစ်နည်းအားဖြင့် Technical Skills ထက် IT Knowledge ၊ IT Management Skills က ပို၍လိုအပ်ပါသည်။ ထိုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် e-Government, Good

[4] မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ (၂၇-၈-၂၀၂၀) ရက်နေ့တွင် ကြီးမှူးကျင်းပသည့် CIO/ CTO Online Conference ၏ ဆွေးနွေးပြောကြားချက်များမှ ရယူထားခြင်းဖြစ်ပါသည်။

Governance, Digital Transformation, Digital Project Management စသည့်နယ်ပယ်များတွင် အမှန်တကယ်တတ်ကျွမ်းသည့် လူ့စွမ်းအားအရင်းအမြစ်များ ရှိရန်လို အပ်ပါသည်။

၂၁။ ယခု COVID-19 ကပ်ရောဂါများ ဖြစ်ပွားခြင်းကြောင့် e-Learning စနစ်ကို မဖြစ်မနေအသုံးပြုရမည့်အရာတစ်ခု ဖြစ်ပါသည်။ ကျောင်းများ၏သင်ကြားမှုအားလုံးသည် e-Learning စနစ် ဖြစ်သွားသကဲ့သို့ ဝန်ထမ်းများကို Training ပြုလုပ်ရာတွင် e-Learning စနစ်ဖြင့် သင်ကြားနိုင်မည် ဆိုပါက ပိုမိုထိရောက်နိုင်ပါသည်။ e-Learning တွင် Screen Sharing ဖြင့် ပိုမိုထိရောက်စွာ သင်ကြားနိုင်သော်လည်း သင်ယူမည့်သူများဘက်က Internet လိုင်းကောင်း/ မကောင်း၊ လျှပ်စစ်မီး ရှိ/ မရှိ တို့သည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ယင်းလိုအပ်ချက်များကို တိုင်းဒေသကြီး နှင့်ပြည်နယ်အစိုးရများက ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၂၂။ တစ်နိုင်ငံလုံးတွင်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား အခြေခံသင်တန်းများပေးနိုင်ရန် Learning Portal တည်ဆောက် ရန်လိုအပ်ပါသည်။ Learning Management System များ Learning Portal များကို သင်ကြားပေးမည့်သူများဘက်က ပြင်ဆင်ရမည်ဖြစ်ပါသည်။ သင်ယူမည့်သူများဘက်ကလည်း အသုံးပြုမည့် Device များကို သိရှိနားလည်ရန် လိုအပ်ပါသည်။ နံပါတ်တစ်အချက်အနေဖြင့် တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် Internet အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သင်တန်းသားများက ၎င်းတို့၏သင်ယူမှု ပိုပြီးရှင်းလင်းလာရန် Physical Device များမသုံးဘဲ Virtual Device များ Cloud Base စသည်များ အသုံးပြုရမည်ဖြစ်ပါသည်။ မည်သည့်နေရာကမဆို သင်ယူလေ့လာနိုင်ရန် Internet အသုံးပြုနိုင်မှုကိုသိရှိနိုင်ရန် ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ပြီး ကြုံတွေ့လာနိုင်မည့် Challenges အသစ်အတွက် ပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရာတွင် အကောင်းဆုံးနည်းလမ်း efficient အဖြစ်ဆုံးနည်းလမ်း course and effective ဖြစ်သည့်နည်းလမ်းများကိုလည်း စဉ်းစားရွေးချယ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ e-Learning ဖြင့် HRD Development များ အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂၃။ ထို့ပြင် သင်ကြားရေးအပိုင်းအနေဖြင့် e-Government အထောက်အကူပြု ဘာသာရပ်များ ထည့်သွင်းရန်နှင့် Human Resource Development –HRD ဖွံ့ဖြိုးတိုးတက်ရေးအတွက် e-Government လုပ်ငန်းစဉ်များ ဦးဆောင်သည့် အခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်သွားရန်လိုအပ်ပါသည်။ ICT, e-Government, IT နည်းပညာကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ရန်နှင့် အထူးသဖြင့် ကွန်ပျူတာတက္ကသိုလ်ဘွဲ့ရများ ပါဝင်လာနိုင်ရန် သက်ဆိုင်ရာ အစိုးရ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းဖွဲ့စည်းပုံများကို အနည်းငယ် ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

**နိဂုံး**

၂၄။ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ICT နည်းပညာသုံးပြီး e-Government ကို ပီပြင်စွာ အကောင်အထည်ဖော်လာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ် ဖြစ်လာပြီး ပွင့်လင်းမြင်သာမှုရှိလာမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကထက်လွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်လာနိုင်ပြီး အဂတိလိုက်စားမှု အခွင့်အလမ်းများကိုလည်း များစွာလျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရ၏ အုပ်ချုပ်မှုစနစ်အပေါ်၌ ပိုမိုယုံကြည်မှုရှိလာမည်ဖြစ်ပြီး အစိုးရအနေဖြင့်လည်း တိုးတက်လာသည့် နည်းပညာများကို အပြည့်အဝသုံးစွဲ၍ ပြည်သူလူထုကို ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးလာနိုင်မည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အစိုးရ၊ ပြည်သူလူထု၊ Telecom Company များ၊ IT ပညာရှင်များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်အသင်း၊ လုပ်ငန်းရှင်အသင်း အစိုးရဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ထားထားချို (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာန မှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ် ၍ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅